# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၁၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၈-၆-၂၀၁၄ ] (ဗုဒ္ဓဟူးနေ့) ၁၁း၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမြင့်သူ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိလူငယ်များ ဗလငါးတန် ဖွံ့ဖြိုးစေရေးနှင့် အားကစား စွမ်းရည် မြင့်မားနိုင်စေရေးအတွက် မြို့နယ်အဆင့် အားကစားကွင်း နှင့် အားကစားရုံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **ရေးမြို့နယ် အားကစားကွင်းကို ခေတ်မီအားကစားကွင်းအဖြစ် ပြုပြင်ပေးရန်နှင့် မြို့နယ်ခွဲ အားကစားကွင်းများကိုလည်း စံချိန်မီအောင် ပြုပြင်ပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်ထွန်းသာ၊ မြောက်ဦး မဲဆန္ဒနယ်၏ **မြောက်ဦးမြို့နယ်ရှိ ကျိုးပေါက်ပျက်စီးနေသော ကုလားပုန်းကျွန်းဆည် တာတမံအား ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုးဝင်း၊ ကျောက်တံတား မဲဆန္ဒနယ်၏ **မော်တော်ယာဉ်တင်သွင်းမှု များပြားခြင်းကြောင့် မော်တော်ယာဉ်များရပ်နားရန်အတွက် ရန်ကုန်၊ မန္တလေးမြို့များရှိ ဌာနဆိုင်ရာ မြေများတွင် ယာဉ်ရပ်နား စခန်းများ ဆောက်လုပ်နိုင်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **မြို့နယ်များအလိုက် ဝင်ငွေခွန်ကောက်ခံသည့် လက်တွေ့ဆောင်ရွက်နေမှုမှာ အားနည်းချက် များစွာ ရှိနေသည့်အတွက် ယခုထက်ပိုမိုအားကောင်းသည့် အဖွဲ့စနစ်တခုကို လက်တွေ့ကျကျဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **သတ္တုတွင်း၊ စွမ်းအင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့၌ ချုပ်ဆိုသည့် ထုတ်လုပ်မှုခွဲဝေသည့် စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်တွင် နစ်နာဆုံးရှုံးမှုများ ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်သန်းမြင့်၊ ငပုတော မဲဆန္ဒနယ်၏ **လပွတ္တာ– ထိပ်စွန်းလမ်း စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို သိလိုခြင်းနှင့် ရေပေါ်ကြိုးတံတား ဆက်လက် ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်၏ **မဂ်လာဒုံမြို့နယ်ရှိ အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံတွင် ဆရာဝန်အင်အား၊ ဝန်ထမ်းအင်အား၊ ဆေးရုံသုံးပစ္စည်း တိုးချဲ့ပေးရန်နှင့် မန္တလေးမြို့၌ အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပေးပို့သော **"ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်း ကိရိယာသီးသန့် ကိစ္စရပ်များဆိုင်ရာနိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။